Karenni Civil Society Network
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 08 2196 2258, E-mail:kcsn2010@gmail.com

## ကရင်နီအရပ်ဘက်အဖွဲ့အစည်းများကွန်ယက်၏ ဖေဖော်ဝါရီ ၁ ရက်နေ့ စစ်အာဏာသိမ်းမှု နောက်ပိုင်း ကရင်နီပြည်နယ်အခြေအနေအပေါ် အစီရင်ခံချက်အကျဉ်း

ဇွန်လ ၂၁၊ ၂၀၂၁

### အကျဉ်းချုပ်

ဤအစီရင်ခံစာအကျဉ်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ (State Administrative Council SAC) မှ ဖေဖော်ဝါရီ ၁ ရက်နေ့ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြသည့် လက်နက်မဲ့ ပြည်သူများအပေါ် အကြမ်းဖက်ဖြိုခွင်းမှုများ ဖြစ်ပွားခဲ့သည့်နောက်ပိုင်း ကရင်နီပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် ဒေသများအတွင်း ပေါ်ပေါက်လာခဲ့သော ပဋိပက္ခများ အကြောင်းကို အကျဉ်းချုပ် တင်ပြထားပါသည်။

မေလ ၇ ရက်နေ့တွင် ကရင်နီပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (Karenni People’s Defence Force KPDF) ကိုဖွဲ့စည်းခဲ့ပြီး မေလ ၂၁ ရက်နေ့မှစတင်ကာ စစ်ကောင်စီတပ်ဖွဲ့နှင့် အပြန်အလှန် တိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။ ထိုအချိန်မှစ၍ ဖရူဆို၊ ဖားဆောင်းနှင့် ဘောလခဲမြို့နယ်တို့အပါအဝင် လွိုင်ကော်၊ ဒီးမော့ဆို၊ ဖယ်ခုံမြို့နယ်များတွင် နေ့စဉ်ရက်ဆက်နီးပါး ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။

စစ်ကောင်စီတပ်ဖွဲ့များမှ အရပ်သားများနေထိုင်ရာ ဒေသများသို့ လေကြောင်းတိုက်ခိုက်မှုများအပြင် လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် လူနေအိမ်များနှင့် ဘုရားဝတ်ပြုရာကျောင်းများ ထိခိုက်ခဲ့ရသည်။ အရပ်သားပြည်သူများ အဖမ်းခံရခြင်း၊ ညှင်းပန်းနှိပ်စက်ခံရခြင်းနှင့် သတ်ဖြတ်ခံရခြင်းတို့ ဖြစ်ပွားခဲ့ပြီး အချို့သည် လက်ဖြောင့်သေနတ်ပစ်သမား (စနိုက်ပါ) များ၏ ပစ်ခတ် သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ ကရင်နီပြည်နယ်တွင် စစ်ကောင်စီမှ တပ်ရင်းပေါင်း ၁၈ရင်း၊ စစ်သားပေါင်း ၂၀၀၀ ခန့်ဖြင့် အခြေစိုက် တပ်စွဲထားသည်ဖြစ်ပြီး ခြေမြန်တပ်မ ၅၅ နှင့် ၆၆မှ စစ်အင်အား ခန့်မှန်းချေ ၆၀၀ ခန့်ကိုလည်း ပို့ဆောင်ကာ အင်အားဖြည့်ထားသည်။

အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုများကြောင့် ခန့်မှန်းချေ ၁ သိန်းဝန်းကျင် ခန့်သောပြည်သူများ (ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ်ရှိ လူဦးရေစုစုပေါင်း၏ လေးပုံတစ်ပုံခန့်) စစ်ဘေးရှောင်နေကြရသည်။ စစ်ဘေးရှောင်ပြည်သူ အများစုမှာ ဒီးမော့ဆို၊ ဖယ်ခုံနှင့် လွိုင်ကော်မြို့နယ်များမှ ဖြစ်သော်လည်း ကရင်နီပြည်နယ် ၇ မြို့နယ်လုံးတွင် စစ်ဘေးရှောင် ပြည်သူများ ရှိနေပါသည်။ စစ်ဘေးရှောင်သူအများစုသည် တောထဲတောင်ထဲတွင် ရရာနှင့် ဖြစ်သလို တည်ဆောက်ထားသည့် စစ်ရှောင်စခန်းများတွင် ခိုလှုံနေကြသည်။

စစ်ကောင်စီအရှေ့ပိုင်းတိုင်း တိုင်းမှူးသည် ကရင်နီပြည်သူ့ကာကွယ်ရေးတပ်နှင့် ဒေသခံလက်နက်ကိုင်အဖွဲ့များ စုပေါင်းထားသည့် မဟာမိတ် ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ကို အပစ်အခတ်ရပ်စဲရန် ဇွန်လ ၁၅ ရက်နေ့တွင် ဖျားယောင်းသွေးဆောင် သော်လည်း စစ်ကောင်စီတပ်များမှ အရပ်သားပြည်သူ နေရာများသို့ လက်နက်ကြီးများဖြင့် ဆက်လက်ပစ်ခတ်ခြင်းနှင့် ဒီးမော့ဆို အနီးနားတဝိုက်ရှိ ကျေးရွာများထဲသို့ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ

ပြုလုပ်ခြင်းကြောင့် ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်နှင့် တိုက်ပွဲအသစ်များ ပြည်လည်ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် အပစ်အခတ်ရပ်စဲရေးသည် ထိရောက်စွာ အသုံးမဝင်တော့ချေ။

စစ်ရှောင်စခန်းများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေရာထိုင်ခင်းအဆင်မပြေခြင်း၊ သန့်ရှင်းသော သောက်ရေ သုံးရေ ပြတ်လပ်မှုများကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ပြန့်ပွားနေခြင်းတို့ ကြုံတွေ့နေရပြီး အရေးပေါ် အကူအညီများ လိုအပ်လျက်ရှိသည်။ ရောဂါများကြောင့် သေဆုံးသူ ကလေးငယ် ၂ ဦးရှိခဲ့သည်။ သို့ရာတွင် စစ်ကောင်စီသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို ပေါ်ပေါ်ထင်ထင် မျက်ကွယ်ပြုကာ စစ်ရှောင်စခန်းများသို့ ကရင်နီပြည်နယ်အတွင်းနှင့် ပြည်နယ်ပြင်ပမှ ကူညီထောက်ပံ့ ပေးနေမှုများကို တားဆီးပိတ်ပင်မှုများ ပြုလုပ်ခဲ့ပြီး ထောက်ပံ့ရေးပစ္စည်း သယ်ယူပို့ဆောင် ပေးနေသူများကို ဖမ်းဆီးနှိပ်စက်ခြင်းများ ကျူးလွန်ခဲ့သည်။ လူသားချင်း စာနာမှုထောက်ပံ့သည့် ပစ္စည်းများကို မီးရှို့ ဖျက်ဆီးခဲ့သည့်အပြင် အစားအသောက် ရိက္ခာများ သွားရောက်ယူဆောင်သည့် စစ်ဘေးရှောင် ပြည်သူများကိုပါ ပစ်ခတ် သတ်ဖြတ်ခဲ့သည်။

နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် စစ်ဘေးရှောင်ပြည်သူများထံသို့ နယ်စပ်ဖြတ်ကျော် ထောက်ပံ့မှုများ ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ စစ်လက်နက်ပိတ်ဆို့မှုများ ပြုလုပ်ခြင်းနှင့် စစ်ကောင်စီအပေါ် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပိတ်ဆို့မှုများ ပြုလုပ်ခြင်းဖြင့် အရပ်သား ပြည်သူများအပေါ် တိုက်ခိုက်နေမှုများကို ရပ်တန့်စေရန်နှင့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စု ဖွဲ့စည်းနိုင်ရန် အကူအညီပေးစေလိုကြောင်း ကရင်နီအရပ်ဘက် အဖွဲ့အစည်းများ ကွန်ယက်မှ အရေးတကြီး တောင်းဆိုလိုက်သည်။

ကရင်နီပြည်နယ်နှင့် မြန်မာနိုင်ငံ အခြားဒေသများတွင် ဖြစ်ပေါ်နေသည့် အရေးပေါ်အခြေအနေများနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် ကြားနေ အမြန်ဆုံးပါဝင်ကူညီ ဖြေရှင်းစေလိုကြောင်း ကရင်နီ အရပ်ဘက်အဖွဲ့အစည်းများကွန်ယက်မှ တောင်းဆိုလိုက်သည်။

**နိဒါန်း**


၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော် အာဏာကို မတရားသဖြင့်သိမ်းပိုက်ခဲ့ပြီး နောက်တစ်နေ့တွင် ၎င်းကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူထားသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းကြောင်း ကြေငြာကာ မြန်မာနိုင်ငံတွင် စစ်တပ်အုပ်ချုပ်သည့်စနစ်ကို ပြန်လည် အသက်သွင်းခဲ့သည်။

ထိုအချိန်မှစ၍ စစ်တပ်အုပ်ချုပ်မှုကို ဆန့်ကျင်သူ ပြည်သူလူထုတို့သည် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်ရှိ မြို့နှင့် ကျေးရွာများတွင် ငြိမ်းချမ်းစွာဆန္ဒပြကာ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ စစ်ကောင်စီတပ်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ သည် စနိုက်ပါသမားများကိုပါ အသုံးပြုခဲ့ကာ ရာဘာကျည်နှင့် ကျည်အစစ်တို့ဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို အကြမ်းဖက် ဖြိုခွင်းခဲ့ပြီး နိုင်ငံတကာဥပဒေများကို ချိုးဖောက်ခဲ့ပါသည်။

ကရင်နီပြည်နယ်တွင် လူငယ်များဦးဆောင်သည့် စစ်တပ်အာဏာသိမ်းခြင်းကို ကန့်ကွက်ဆန္ဒပြမှုများ မြို့နယ်တိုင်းတွင် ပေါ်ပေါက်ခဲ့သည်။ ကရင်နီလူငယ်များသည် ရှမ်းပြည်တောင်ပိုင်း ဖယ်ခုံမြို့နယ်အတွင်းတွင်လည်း ဆန္ဒပြမှုများကို ဦးဆောင်ခဲ့ကြသည်။ စစ်ကောင်စီမှ ဆန္ဒပြသူများအား ထပ်ခါတလဲလဲ အကြမ်းဖက် ပစ်ခတ်ဖြိုခွင်း ခဲ့သည့်နောက်ပိုင်း တွင်ပင် ကန့်ကွက်ဆန္ဒပြမှုများကို ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။ စစ်ကောင်စီသည် ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို မတရားသဖြင့် ဖမ်းဆီးအကျဉ်းချခြင်းများလည်း ပြုလုပ်ခဲ့သည်။ ထို့ကြောင့် စစ်ကောင်စီ၏ အဓမ္မ လုပ်ရပ်များကို သည်းမခံနိုင်တော့သော ကရင်နီပြည်သူများသည် မေလ ၇ ရက်နေ့တွင် ကရင်နီပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ (KPDF)

ကိုဖွဲ့စည်းကာ မေလ ၂၁ ရက်နေ့တွင် စစ်ကောင်စီကို စတင်တော်လှန်ခဲ့ကြသည်။ ထိုအချိန်မှစတင်ကာ နှစ်ဘက် အပြန်အလှန်ပစ်ခတ်မှုများ နေ့တိုင်းဆိုသလို ဖြစ်ပွားခဲ့သည်။

မေလ ၃၁ ရက်နေ့တွင် ကရင်နီပြည်သူ့ကာကွယ်ရေးတပ်နှင့် စစ်ကောင်စီတို့ ဒီးမော့ဆိုမြို့တွင် တိုက်ပွဲ အပြင်းအထန်ဖြစ်ပွားခဲ့ကာ လွိုင်ကော်အမြောက်တပ် ၃၆၅ တပ်နှင့် ဒီးမော့ဆို အမြောက်တပ် ၃၆၀ တပ်တို့မှ အမြောက် လက်နက်များဖြင့် ပစ်ခတ်မှုများရှိခဲ့သည်။ ထိုနေ့ညနေပိုင်းတွင် ရဟတ်ယာဉ် ၂စီးနှင့် တိုက်လေယာဉ် ၂စီးတို့ဖြင့် လေကြောင်း တိုက်ခိုက်မှုလည်း ပြုလုပ်ခဲ့ပြီး ဒီးမော့ဆိုမြို့တဝိုက် ဖုံးကြဲတိုက်ခိုက်ခဲ့သည်။ ထိုသို့ အရပ်သား ပြည်သူများ နေထိုင်ရာဒေသများကို ပြင်းထန်စွာ တိုက်ခိုက်ခဲ့မှုကြောင့် ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ်အတွင်းရှိ မြို့ပေါ်နှင့် အနီးတဝိုက်ကျေးရွာများမှ အရပ်သား ထောင်သောင်း ပေါင်းများစွာတို့သည် နေရပ်စွန့်ခွာကာ ဘေးလွတ်ရာတွင် ပုန်းအောင်း နေကြရသည်။


KPDF-စကစတိုက်ပွဲနေရာများနှင့် ကရင်နီ စစ်ဘေးရှောင်နေရာပြမြေပုံ
N
W
E
S
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ဒီးမော့ဆို
ဖရူဆို
ရှားတော
ဘောလခဲ
ရှာသစ်
ဖါးဆောင်း
မယ်စဲ့
ရှမ်းပြည်နယ်
ရှမ်းပြည်နယ်
ကရင်ပြည်နယ်
ထိုင်းနိုင်ငံ
သံလွင်
သံလွင်
# ၁
# ၂
အညွှန်း
စစ်ဘေးရှောင်နေရာများ
တည်ဆောက်ပြီး ရေကာတာများ
တည်ဆောက်ရန်လျာထားသည့် ရေကာတာများ
သဘ္ဘာသန့်စင်စက်ရုံနေရာ
ကရင်နီခုကွသည် စခန်း (၁),(၂)
KPDF-စကစ တိုက်ပွဲနေရာများ
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ် ရှေ့တန်းတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများ
မြန်မာစစ်တပ်အခြေပြုနေရာများနှင့် စစ်ဆင်ရေးဌါနချုပ်
အမှတ်(၁၄)စစ်တပ် လေ့ကျင့်ရေးကျောင်း
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်ဌါနချုပ်
မြို့နယ်
လမ်း
မြစ်၊ ချောင်း
မော်ချီး တောင်ငူကားလမ်း
0 4.5 9 18 27 36 ကီလိုမီတာ

## ၁။ နေ့ရက်အလိုက် ပြည်သူများ၏ ခုခံကာကွယ်မှုများ

အာဏာသိမ်းမှုကို ပြည်သူလူထုမှ စတင်ကန့်ကွက်ဆန္ဒပြခဲ့ကြသည့် အချိန်မှစ၍ ၂၀၂၁ ဇွန်လ ၁၈ ရက်နေ့အထိတွင် ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ်အတွင်းတွင် စစ်ကောင်စီမှ လူ ၆၄ ကျော်ကို သတ်ဖြတ်ခဲ့ပြီး လူ ၁၃၀ ကျော်ကိုဖမ်းဆီးထိန်းသိမ်းခဲ့ကာ လူ ၁၀၀ ကျော်ကို ထိခိုက်ဒဏ်ရာ ရစေခဲ့သည်။

- မေလ ၂၀ ရက်နေ့ - စစ်ကောင်စီမှ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ၏ ထိန်းချုပ်နယ်မြေဖြစ်သည့် ဘောလခဲမြို့နယ် သဲတောင်ဒေသသို့ နယ်ကျွံ ဝင်ရောက်လာခြင်းကြောင့် ကေအန်ပီပီအဖွဲ့နှင့် စစ်ကောင်စီတို့ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ ထိုနေ့တစ်ရက်တည်းတွင်ပင် ပြည်သူ့ကာကွယ်ရေးတပ်နှင့် စစ်ကောင်စီတို့ ဘောလခဲမြို့နယ် နန်းဖဲကျေးရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရဲစခန်းတခုကို သိမ်းပိုက်နိုင်ခဲ့သည်။
- မေလ ၂၁ ရက်နေ့- နနက်တွင် ကရင်နီပြည်သူ့ကာကွယ်ရေးတပ်နှင့် စစ်ကောင်စီတပ်တို့သည် ဒီးမော့ဆိုမြို့ ဒေါင်ခါးရပ်ကွက်တွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ကရင်နီပြည်သူ့ကာကွယ်ရေးတပ်မှ ဒီးမော့ဆိုမြို့အဝင် ထူလွိဘီးလား ရဲစခန်းကို ညနေ ၅ နာရီတွင် သိမ်းပိုက်မီးရှို့ခဲ့သည်။
- မေလ ၂၂ ရက်နေ့ -ဒီးမော့ဆိုမြို့သို့ စစ်အင်အားဖြည့်တင်းရန် လွိုင်ကော်မှ ဒီးမော့ဆိုသို့ဆင်းလာသည့် စစ်ကောင်စီတပ်ကို ဒေါခလိုက်လင်းနှင့် ညောင်ကုန်းကျေးရွာအနီး ပြည်သူ့ကာကွယ်ရေးတပ်နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုနေ့တွင် ကရင်နီပြည်သူ့ကာကွယ်ရေးတပ်မှ ဖရူဆိုမြို့နယ်အတွင်း ဒေါတဝီကျေးရွာရှိ အခြားရဲစခန်းတခုကို သိမ်းပိုက်မီးရှို့ဖျက်စီးခဲ့သည်။
- မေလ ၂၃ ရက်နေ့ - ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်အတွင်းရှိ မိုးဗြဲမြို့မရဲစခန်းကို ပြည်သူ့ကာကွယ်ရေးတပ်က ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲအတွင်း စစ်သားနှင့် ရဲတပ်ဖွဲ့ဝင် ၂၀ ဦးသေဆုံးခဲ့သည်။ ထိုနေ့တစ်ရက်တည်းတွင် လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာ၊ မိုင်းလုံးရပ်ကွက်နှင့် ဝါရီကောခူကျေးရွာများတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ဒီးမော့ဆိုမြို့နယ် စံပြဗမိုင် ကျေးရွာတွင်လည်း စစ်ကောင်စီမှ ကျေးရွာသို့ ဝင်ရောက်လာ၍ ရွာသားများအားဖမ်းဆီးခြင်း ပြုလုပ်ခဲ့သောကြောင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။
- မေလ ၂၄ ရက်နေ့- ဒီးမော့ဆိုမြို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနရုံး မီးရှို့ဖျက်စီးခြင်း ခံရသည်။ ထို့အတူ လွိုင်ကော်မြို့ရှိ ပန်ကန်းရဲစခန်းမှ ရဲများသည် ထွက်ပြေးပြီး ထိုရဲစခန်းကို ဒေသခံလူထုမှ မီးရှို့ဖျက်စီးခဲ့သည်။
- မေလ ၂၄ ရက်နေ့ - စစ်ကောင်စီမှ လွိုင်ကော်မြို့ ကယန်းသာယာကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ကက်သလစ် ဘုရားကျောင်းအတွင်း ပုန်းခိုနေသော အရပ်သားပြည်သူ ၄ ဦး သေဆုံးခဲ့ကာ ၈ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။
- မေလ ၂၄-၂၅ ရက်နေ့ - တွင် ဒီးမော့ဆိုမြို့နယ် ဒေါတမငယ်၊ ငွေတောင်၊ ဒေါင်ခါးကျေးရွာတို့နှင့် လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။ ဒေါတမငယ်ကျေးရွာတွင် စစ်ကောင်စီမှ စနိုက်ပါသမားများ အသုံးပြုပစ်ခတ်ခဲ့သဖြင့် အရပ်သားလူငယ် ၁ ဦး သေဆုံးခဲ့သည်။ လွိုင်ကော်-ဒီးမော့ဆိုမြို့ ကားလမ်းမပေါ်ရှိ ဒေါပိုးစီ ကျေးရွာတွင် စစ်ကောင်စီမှ ရွာသား ၁ ဦးကို နေအိမ်ခြံဝင်းထဲ ဝင်ရောက်၍ ညှင်းပန်း နှိပ်စက်ခဲ့သဖြင့် အဆိုပါရွာသား သေဆုံးခဲ့သည်။
- မေလ ၂၆ ရက်နေ့ - လွိုင်ကော်မြို့နယ် လွိုင်လင်လေးမြို့ရှိ ထီးစဲခါးရဲစခန်းကို ပြည်သူ့ ကာကွယ်ရေးတပ်က ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

- မေလ ၂၇ ရက်နေ့ – ဒီးမော့ဆိုမြို့နယ်တွင် စစ်ကောင်စီမှ လက်နက်ကြီးဖြင့်ပစ်ခတ်၍ မြေပြင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် စိန်ဂျိုးဇက် ကက်သလစ်ဘုရားကျောင်း ထိခိုက် ပျက်စီးခဲ့သည်။ ဖားဆောင်းမြို့နယ် မော်ချီးဒေသတွင်လည်း ကေအန်ပီပီနှင့် စစ်ကောင်စီတို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။
- မေလ ၂၈ ရက်နေ့ – လွိုင်ကော်မြို့နယ် ရေယို၊ ထေးငှားလျားကျေးရွာနှင့် နာနတ်တော ရပ်ကွက်တို့ကို စစ်ကောင်စီမှ လက်နက်ကြီးနှင့်ပစ်ခတ်သကဲ့သို့ မြေပြင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး ရေယိုကျေးရွာတွင် အရပ်သားနေအိမ်တစ်လုံးကို မီးရှို့ ဖျက်ဆီးခဲ့သည်။
- မေလ ၂၉ ရက်နေ့ – လွိုင်ကော်မြို့နယ် နာနတ်တောရပ်ကွက်ရှိ အမျိုးသားတဦးကို ပစ်ခတ်သတ်ဖြတ်ခဲ့သည်။
- မေလ ၃၀ ရက်နေ့ – ကရင်နီပြည်နယ်နှင့် မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် စစ်ပွဲများ ဖြစ်ပွားနေဆဲ ဖြစ်သော်လည်း စစ်ကောင်စီက နိုင်ငံအနှံ့ အပစ်အခတ်ရပ်စဲရေးကို ရက်တိုးသတ်မှတ် လိုက်ကြောင်း ကြေငြာခဲ့သည်။
- မေလ ၃၁ ရက်နေ့ – ဒီးမော့ဆိုမြို့နယ် ကုန်းသာကျေးရွာတွင် ပြည်သူ့ကာကွယ်ရေးတပ်နှင့် စစ်ကောင်စီတို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုနေ့တွင် လွိုင်ကော်အခြေစိုက် အမှတ် ၃၆၅ အမြောက်တပ်နှင့် ဒီးမော့ဆိုအခြေစိုက် အမှတ် ၃၆၀ အမြောက်တပ်တို့မှ အမြောက် လက်နက်များဖြင့် ပစ်ခတ်မှုများရှိခဲ့ကာ ရဟတ်ယာဉ် ၂ စင်း တိုက်လေယာဉ် ၂ စင်း အသုံးပြု၍လည်း ပစ်ခတ်ခဲ့သည်။
- မေလ ၃၁ ရက်နေ့- မြို့နယ်အသီးသီးမှ ကရင်နီပြည်သူ့ကာကွယ်ရေးတပ်များနှင့် ဒေသခံ လက်နက်ကိုင်အဖွဲ့များပါဝင်သော ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်ကို ဖွဲ့စည်း တည်ထောင်ခဲ့သည်။
- ဇွန်လ ၁ – ၂ ရက်နေ့ – ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်နှင့် စစ်ကောင်စီတို့အကြား တင်းမာမှုများ ဆက်လက်ဖြစ်ပေါ်နေခဲ့ပြီး မြေပြင်စစ်ပွဲများ ဖြစ်ပွားခဲ့ခြင်းမရှိသော်လည်း ဒီးမော့ဆိုမြို့နယ် ဒေါ်ငံခါး ကျေးရွာသို့ အမြောက်လက်နက်များဖြင့် ပစ်ခတ်မှုများရှိခဲ့၍ လူနေအိမ် အများအပြားပျက်စီးပြီး အရပ်သား ပြည်သူ ၁ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။
- ဇွန်လ ၃ ရက်နေ့ – စစ်ကောင်စီမှ စစ်သားအင်အား၊ လက်နက်အင်အားများကို စစ်လေယာဉ်ဖြင့် လွိုင်ကော်မြို့သို့ ပို့ဆောင်ခဲ့ပြီး ထိုနေ့တွင်ပင် လွိုင်ကော်မှ ဒီးမော့ဆိုသို့ မော်တာ ၁၀ စင်း၊ တင့်ကားကြီး ၂ စင်းနှင့် အခြားတင့်ကားငယ်များကို ပို့ဆောင်ခဲ့သည်။ ပြည်သူများ ကင်းစောင့်နေသည့် ဒီးမော့ဆိုမြို့နယ် ၆-မိုင် စံပြကျေးရွာတွင် တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီက ၆-မိုင်ကျေးရွာရှိ ကက်သလစ် ဘုရားကျောင်းသစ်တွင် တပ်စွဲထားခဲ့ကာ ဘုရားကျောင်းအား အကာအကွယ်ယူ၍ ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်ဖွဲ့နှင့် ပြန်လှန်တိုက်ခိုက်ခဲ့သည်။ ညနေ ၇ နာရီအချိန်ထိ စနိုက်ပါ သမားများ၊ တင့်ကားများနှင့် လက်နက်ကြီးများ အသုံးပြုကာ ပစ်ခတ်ခဲ့သည်။
- ဇွန်လ ၄ ရက်နေ့ – ဒီးမော့ဆိုတွင် စစ်ကောင်စီနှင့် ကရင်နီအမျိုးသားများ ကာကွယ်ရေး တပ်ဖွဲ့တို့ တိုက်ပွဲ ဆက်လက်ဖြစ်ပွားခဲ့သည်။ ဒီးမော့ဆိုလမ်းခွအနီးရှိ နေအိမ်များကို စစ်ကောင်စီက မီးရှို့ဖျက်ဆီးခဲ့ပြီး စစ်ဘေးရှောင်များထံသို့ အစားအသောက် ရိက္ခာများ သယ်ယူပို့ဆောင်ပေးနေသူ ပြည်သူ ၁ ဦးကို စနိုက်ပါသမား အသုံးပြု၍ ပစ်သတ်ခဲ့သည်။ လွိုင်ကော်မြို့တွင်လည်း အရပ်သားပြည်သူ ၁ ဦး သွားလာနေစဉ် ပစ်သတ်ခံခဲ့ရသည်။ မိုးဗြဲမြို့ ပွဲကုန်း ၃ ရပ်ကွက်တွင်လည်း မိုးဗြဲ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် စစ်ကောင်စီတို့ ၃ နာရီကြာတိုက်ပွဲဖြစ်ခဲ့ပြီး စစ်ကောင်စီက ပြန်လည်ဆုတ်ခွာစဉ် ကက်သလစ်ဘုရားကျောင်း အတွင်း ပုန်းခိုနေသည့် စစ်ဘေးရှောင်သူအချို့ကို ဖမ်းဆီးမှုများ ရှိခဲ့သည်။

- ဇွန်လ ၆ ရက်နေ့ – ဒီးမော့ဆိုမြို့နယ် ၆-မိုင်ကျေးရွာနှင့် ဒေါင်ခါးကျေးရွာတွင် စစ်ကောင်စီနှင့် ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်တို့ ထိပ်တိုက်ထိတွေ့မှုများ ရှိခဲ့သည်။ စစ်ကောင်စီမှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ဒေါင်ခါးရှိနေအိမ်အချို့ မီးလောင်ပျက်စီးပြီး ကက်သလစ် ဘုရားကျောင်းလည်း ထိခိုက်မှု ကြီးမားခဲ့သည်။ စစ်ကောင်စီက အရပ်သား ပြည်သူများကို လူသားဒိုင်းကာအဖြစ် အသုံးပြုမှုများရှိခဲ့ပြီး ကက်သလစ် ဘုရားကျောင်းအတွင်းမှ ကျောင်းဒကာ ၁ ဦးကို ဖမ်းဆီးခဲ့သည်။ မိုးဖြဲတွင်လည်း စစ်ကောင်စီနှင့် ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီမှ အရပ်သား ပြည်သူများကို ဖမ်းဆီးကာ လူသားဒိုင်းကာအဖြစ် အသုံးပြုခြင်း၊ လူနေအိမ်များမှ ငွေကြေးနှင့် အဖိုးတန်ပစ္စည်းများ ခိုးယူ လုယက်ခြင်း၊ လူနေအိမ်များ မီးရှို့ဖျက်ဆီးခြင်းတို့ ပြုလုပ်ခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို ဖောက်ဖျက် ကျူးလွန်ခဲ့သည်။
- ဇွန်လ ၇-၈ ရက်နေ့ – ဒီးမော့ဆိုမြို့နယ် ဒေါင်ခါးကျေးရွာနှင့် ဖယ်ခုံမြို့နယ် မိုးဖြဲမြို့တွင် စစ်ကောင်စီနှင့် ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်တို့ တိုက်ပွဲများ ဆက်လက် ဖြစ်ပွားခဲ့သည်။ စစ်ကောင်စီဘက်က ဒီးမော့ဆိုမြို့နယ် ထူးလွီးဘီလာကျေးရွာအနီး တောင်ကုန်းပေါ်မှနေ၍ လက်နက်ကြီးများ၊ စနိုက်ပါသမားများဖြင့် အရပ်သားပြည်သူများ နေထိုင်သည့် ကျေးရွာများသို့ ပစ်ခတ်ခဲ့သည်။ လွိုင်ကော်အခြေစိုက် အမြောက်တပ်မှလည်း ဒီးမော့ဆိုသို့ လက်နက်ကြီးဖြင့် ပစ်ခတ်မှုများရှိခဲ့ကာ မြို့နေရာ အချို့ရှိ နေအိမ်များ မီးလောင်ပျက်စီးခဲ့သည်။
- ဇွန်လ ၉ ရက်နေ့ – ပဲခူးတိုင်းဒေသအခြေစိုက် အမှတ် ၆၆ ခြေမြန်တပ်မ လက်အောက်မှ စစ်သားအင်အား ၃၀၀ခန့်ရှိသော တပ်ရင်း ၃ ခုသည် တောင်ငူ-လိပ်သို-ယာဒို-ဆီးဘူး လမ်းအတိုင်း ဒီးမော့ဆိုသို့ ဦးတည်ဝင်ရောက်ခဲ့ပြီး လက်နက်နှင့် စားနပ်ရိက္ခာများပါ သယ်ဆောင်လာခဲ့သည်။ ထိုအချိန်မှစ၍ ယင်းတပ်ရင်းများသည် ဒီးမော့ဆိုမြို့ အနောက်ဘက်ခြမ်း ဒေသတစ်လျှောက် စစ်ကင်းလှည့်ခြင်းများ ပြုလုပ်နေခဲ့သည်။
- ဇွန်လ ၉ ရက်နေ့ – စစ်ကောင်စီစစ်သားများ ဒီးမော့ဆိုမြို့နယ် ဆောင်ဒူလာကျေးရွာထဲသို့ ဝင်ရောက်ကာ နေအိမ်များအတွင်းသို့ ဝင်ရောက်ရှာဖွေပြီး ပစ္စည်းများ ခိုးယူဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည်။ ရွာအနီးတွင် စစ်ကောင်စီနှင့် ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။
- ဇွန်လ ၉ ရက်နေ့- စစ်ကောင်စီတပ်များသည် ဒီးမော့ဆိုမြို့နယ်အတွင်း ပတန်းခိုကျေးရွာအနီးရှိ စစ်ဘေးရှောင်စခန်းတခုသို့ ကင်းလှည့်ဝင်ရောက်ပြီး လွိုင်နန်းဖကျေးရွာဘက်သို့ ရှေ့ဆက်ကင်းမလှည့်မီ လက်နက်ဖြင့် စစ်ဘေးရှောင်များအား ခြိမ်းခြောက်ခဲ့ကြသည်။ ထိုနေ့ညနေပိုင်းတွင် ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်နှင့် ဒီးမော့ဆိုမြို့နယ်၊ ထီးဖိုးကလိုးကျေးရွာအနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။
- ဇွန်လ ၉ ရက်နေ့ – ဒီးမော့ဆိုမြို့နယ်နှင့် ဖယ်ခုံမြို့နယ်တို့တွင် စစ်ဘေးရှောင်များထံပေးပို့သော အစားအသောက်နှင့် အရေးပေါ် ဆေးဝါးပစ္စည်းများကို စစ်ကောင်စီက မီးရှို့ဖျက်ဆီးခဲ့သည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။ အရေးပေါ် ရိက္ခာများတင်မက သယ်ယူပို့ဆောင်ပေးသည့် ကားများကိုပါ မီးရှို့ဖျက်ဆီးခဲ့သည်။ ကျေးရွာသို့ ရိက္ခာပြန်ယူရန် သွားသည့် စစ်ဘေးရှောင်ပြည်သူများကို ပစ်ခတ် သတ်ဖြတ်မှုများ ရှိခဲ့သည်။
- ဇွန်လ ၁၁ ရက်နေ့ – အင်အား (၁၀၀)ရှိ စစ်ကောင်စီသည် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ မြလဲကျေးရွာအုပ်စုမှ ပတန်းခိုကျေးရွာသို့ ကင်းလှည့်ဝင်လာပြီး ကျေးရွာလုံခြုံရေးယူသည့် ရွာသားများကို ပစ်ခတ်ခဲ့သည်။ ထို့နောက်စစ်တပ်မှ ကျေးရွာကို ဝင်ရောက်ထိန်းချုပ်ခဲ့ကြသည်။ ပတန်းခိုကျေးရွာမှ လက်နက်ကြီးဖြင့်

ပစ်ခတ်မှုများကြောင့် ဒီးမော့ဆိုအရှေ့ဘက်ခြမ်းရှိ ကျေးရွာရှစ်ရွာမှ ရွာသားများအားလုံးနီးပါး ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။

- ဇွန်လ ၁၂ ရက်နေ့ – စစ်ကောင်စီတပ်ဖွဲ့ဝင်များ ဒီးမော့ဆိုမြို့နယ် နန်းမယ်ခုံမြို့အနီးတဝိုက်ရှိ ကျေးရွာများအတွင်းသို့ ဝင်ရောက်ခဲ့ပြီး အရပ်သားပြည်သူများကို ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့ကာ အရပ်သား ၆ ဦးအား ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်ဖွဲ့နှင့် ဆက်စပ်မှုရှိသည်ဟု စွပ်စွဲ၍ ဖမ်းဆီးခဲ့သည်။ စစ်ဘေးရှောင်စခန်းသို့ပို့ဆောင်မည့် အစားအသောက်နှင့် ဆေးဝါးများကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။
- ဇွန်လ ၁၂ ရက်နေ့ – ဒီးမော့ဆိုမြို့နယ် ဒေါတမငယ်နှင့် ပါဒေါ်ဒူကျေးရွာများရှိ နေအိမ်များကို စစ်ကောင်စီက မီးရှို့ဖျက်ဆီးခဲ့ကာ ပါဒေါ်ဒူကျေးရွာအနီးတဝိုက်ရှိ စစ်ဘေးရှောင် ပြည်သူများကို ကာကွယ်စောင့်ရှောက်မှုပေးနေသည့် ကရင်နီအမျိုးသားများ ကာကွယ်ရေး တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲအပြင်းအထန် ဖြစ်ပွားခဲ့သည်။ ရွာသားများ တောထဲသို့ အရေးပေါ်စစ်ဘေးရှောင်ခဲ့ရပြီး စားနပ်ရိက္ခာများသယ်ယူရန်ပင် အခွင့်မရခဲ့ပါ။ မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် တောထဲသို့စစ်ဘေးရှောင်သူများ နေထိုင်ရေး အခက်အခဲများစွာကြုံတွေ့ခဲ့ရသည်။ ဒေါတမငယ်ကျေးရွာရှိ ကေအန်ပီပီ အဆောက်အအုံတစ်ခုကို စစ်ကောင်စီက မီးရှို့ဖျက်ဆီးခဲ့သည်။
- ဇွန်လ ၁၅ ရက်နေ့– လွိုင်ကော်တွင်ရှိနေသော စစ်ကောင်စီ အရှေ့ပိုင်းတိုင်းမှူးသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် ကယန်းပြည်သစ်ပါတီ၊ ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့ လွတ်မြောက်ရေးတပ်ဦး (ကလလတ)၊ ကရင်နီအမျိုးသားသွေးစည်းညီညွတ်ရေးအဖွဲ့ ကြယ်ဖြူ၊ ကယောနီ အဖွဲ့များနှင့် ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်မှ တိုက်ပွဲရပ်နားထားရန် တောင်းဆိုခဲ့သည်။ တိုင်းမှူးမှ အကြောင်းပြသည်မှာ စစ်ရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေး အတွက် ပစ်ခတ်ရပ်စဲထားကြရန်ဟု ပြောဆိုခဲ့သည်။ လက်နက်ကိုင်အဖွဲ့များနှင့် ဘာသာရေးခေါင်းဆောင်များ ကြားနေညှိနှိုင်းပေးမှုကြောင့် ထိုနေ့တွင် ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်မှ ယာယီအပစ်ခတ် ရပ်စဲကြောင်း ကြေညာခဲ့ချိန်တွင် စစ်ကောင်စီဖက်မှ အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်သည့် ထုတ်ပြန်ချက် တစုံတရာပြုလုပ်ခြင်းမရှိခဲ့ပေ။
- အပစ်အခတ်ရပ်စဲကြောင်း သဘောတူခဲ့ကြသော်လည်း ဇွန်လ ၁၆ ရက်နေ့ ည ၈ နာရီအချိန်တွင် စစ်ကောင်စီမှ လက်နက်ကြီးများဖြင့် ဒီးမော့ဆိုမြို့ရှိ ၆ မိုင်ရပ်ကွက်ထဲသို့ ပစ်ခတ်ခဲ့သည်။
- ဇွန်လ ၁၇ ရက်နေ့– ပုပ်ပွဆွေ့မြေ့ပြီး မခွဲခြားမမှတ်မိနိုင်တော့သည့် သေဆုံးသူအလောင်း ၄ လောင်းကို ဒီးမော့ဆိုမြို့ ငွေတောင်ရပ်ကွက် အထက်တန်းကျောင်းဝင်းတွင် ဒေသခံများမှ တွေ့ရှိခဲ့ကြသည်။ ထိုတရက်တည်းတွင် စစ်ကောင်စီမှ ဒီးမော့ဆိုအနောက်ဖက်ခြမ်း နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးကို ချဲ့ထွင်လုပ်ဆောင်လာခဲ့ရာ ထီးဖိုးကလိုး ကျေးရွာအုပ်စုအတွင်းရှိ ထီးဖိုးကလိုးကျေးရွာနှင့် အနီးအနားရှိ ကျေးရွာများအတွင်း ဝင်ရောက်လာခဲ့ကြသည့်အတွက် ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်နှင့် တိုက်ပွဲဖြစ်ပွားခဲ့သဖြင့် အရပ်သားတစ်ဦး သေဆုံးခဲ့ရသည်။
- စစ်ကောင်စီမှ ကရင်နီးအမျိုးသားများ ကာကွယ်ရေးတပ်နှင့် အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းခြင်းသည် ခုခံကာကွယ်မှု အရှိန်လျှော့ချရန်နှင့် တဖက်တွင် နယ်မြေရှင်းလင်းရေးများ ပြုလုပ်ပြီး ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်ကို ဖြိုခွင်းချေမှုန်းခြင်းဖြင့် အဓိက မဟာဗျူဟာကျသည့် နယ်မြေများကို ပြန်လည်ရယူထိန်းချုပ်နိုင်ရန်အတွက် ပြုလုပ်သည့် စစ်ပရိယာယ်တခုသာ ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း တွေ့ရှိရပါသည်။ စစ်ကောင်စီမှ အမှာတကယ် အပစ်အခတ်ရပ်စဲရေး ပြုလုပ်လိုပါက ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းမှ

အင်အားဖြည့်တင်းလာသည့် ၎င်းတို့၏ တပ်များအားလုံး ပြန်လည်ရုပ်သိမ်းရန် လိုအပ်ပါသည်။ ယခုတွင် ထိုသို့မဟုတ်ပဲ အဆိုပါစစ်တပ်များသည် ကရင်နီပြည်နယ်တွင်သာ ရှိနေသေးသည်ကို တွေ့ရပါသည်။ စစ်ကောင်စီ၏ ဆက်လက်ထိုးစစ်ဆင်မှုများသည် နစ်ဖက်တိုက်ပွဲဖြစ်ပွားမှုဖက်ကို ဦးတည်သွားမည်ဖြစ်ပြီး စစ်ဘေးရှောင်ပြည်သူများ အိမ်ပြန်ဝံ့မည်မဟုတ်ချေ။

**၂။ စစ်ကောင်စီမှ စစ်အင်အားတိုးချဲ့မှု**

ကရင်နီပြည်နယ်တွင် စစ်ကောင်စီတပ်ရင်း ၂၁ ရင်း ရှိပြီး စစ်အင်အား ၂၀၀၀ ခန့်ရှိသည်။ လွိုင်ကော် အခြေစိုက် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်အောက်တွင် တပ်ရင်း ၁၀ ရင်း (ခြေလျင်တပ်ရင်း အမှတ် ၅၄၊ ၇၂၊ ၁၃၄၊ ၁၃၅ နှင့် ခြေမြန်တပ်ရင်း အမှတ် ၃၃၇၊ ၄၂၈၊ ၄၂၉၊ ၄၃၀၊ ၅၃၀၊ ၅၃၁)၊ ဖယ်ခုံ အခြေစိုက် စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်အောက်တွင် ခြေလျင်တပ်ရင်း ၃ ရင်း အမှတ် ၁၀၂၊ ၂၅၀၊ ၂၆၁ နှင့် ခြေမြန်တပ်ရင်း အမှတ် ၄၂၁၊ ၄၂၂၊ ၄၂၇၊ အမြောက်တပ်ရင်း အမှတ် ၃၆၀ (ဒီးမော့ဆို) နှင့် အမှတ် ၃၅၆၊ ၃၆၂ (လွိုင်ကော်) တို့နှင့် နယ်ခြားစောင့်တပ် ၂ရင်း တို့ရှိသည်။ ၂၀၁၂ခုနှစ်တွင် ဖရူဆိုမြို့နယ် မော်ခရော်ရှေးကျေးရွာ၌ တောင်သူများ၏လယ်ယာမြေကိုသိမ်း၍ တည်ထောင်ထားသော အမှတ် ၁၄ အဆင့်မြင့် စစ်သင်တန်းကျောင်းတွင်လည်း စစ်အင်အား ရာဂဏန်းခန့်ရှိသည်။

မတ်လ ၂၀၂၁ ခုနှစ်တွင် ရှမ်းပြည်နယ် ကလောမြို့အခြေစိုက် ခြေမြန်တပ်မ ၅၅ မှ စစ်အင်အား ၃၀၀ ခန့်ရှိ တပ်ရင်း ၃ ရင်းကို ကရင်နီနှင့် ကရင်ပြည်နယ်စပ်ရှိ ဖားဆောင်းမြို့သို့ ပို့ဆောင်ခဲ့ပြီး မူတြောခရိုင်တွင် ကေအန်ယူကို ထိုးစစ်ဆင်ရန် စစ်အင်အားဖြည့်တင်းထားခဲ့သည်။

၂၀၂၁ ခုနှစ် ဇွန် ၈-၉ ရက်နေ့တို့တွင် ပဲခူးတိုင်းအခြေစိုက် ခြေမြန်တပ်မ ၆၆ အောက်မှ စစ်အင်အား ၃၀၀ ခန့်ရှိ တပ်ရင်း ၃ ရင်းကို ကရင်နီပြည်နယ်သို့ပို့ဆောင်၍ စစ်အင်အားဖြည့်တင်းခဲ့သည်။

စစ်ကောင်စီအကြမ်းဖက်အဖွဲ့၏ စစ်အင်အားကြီးမားစွာ ဖြည့်တင်းနေခြင်း၊ အရပ်သား ပြည်သူများနှင့် စစ်ဘေးရှောင်ပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ လူသားချင်း စာနာထောက်ထားမှု အရေးပေါ်ပစ္စည်းများကို ဖျက်ဆီးခြင်း စသည့်လုပ်ရပ်များသည် ကရင်နီပြည်သူများအပေါ် စစ်ကောင်စီ၏ လူမျိုးသုဉ်းသတ်ဖြတ်လိုရင်းကို ပေါ်လွင် ထင်ရှားစေသည်။



၂၀၂၁ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် ဖယ်ခုံမြို့အနီး စစ်ကောင်စီမှ စစ်ဘေးရှောင်များ၏ ဆေးဝါးနှင့် စားနပ်ရိက္ခာများကို မီးရှို့ဖျက်ဆီးပုံ

## ၃။ လူပေါင်းများစွာနေရာရွှေ့ပြောင်းရခြင်း

၁၉၉၆ ခုနှစ်တွင် ဗမာစစ်တပ်သည် ကရင်နီပြည်နယ်အတွင်း တိုင်းရင်းသားများ၏ လက်နက်ကိုင် ခုခံကာကွယ်ရေးကို ဖြိုခွင်းရန်ရည်ရွယ်ပြီး သတင်းအချက်အလက်ဖြတ်တောက်ခြင်း၊ စားနပ်ရိက္ခာဖြတ်တောက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ဖြတ်တောက်ခြင်းနှင့် ငွေကြေးစီးဆင်းမှု ဖြတ်တောက်ခြင်းစသည့် ဖြတ်လေးဖြတ်ဗျူဟာကို အသုံးပြုခဲ့သော သမိုင်းကြောင်း ရှိခဲ့ပါသည်။ ၁၉၉၆-၁၉၉၇ ခုနှစ်တွင် ရှားတောမြို့နယ်ရှိ ရွာပေါင်း (၂၀၀) ကျော်မှ လူဦးရေ ၄၀၀၀၀ ခန့်သည် အတင်းအကြပ်ရွှေ့ပြောင်းခံခဲ့ရပြီး မိမိ၏ အိမ်ယာမြေများ ဆုံးရှုံးခဲ့ရသည့်အပြင် မိမိတို့၏ မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းများ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ကျင့်သုံးခွင့်များဆုံးရှုံးခဲ့ရပါသည်။ ထိုလူဦးရေအများစုမှာ ထိုင်း-မြန်မာ နယ်စပ်ရှိ ဒုက္ခသည်စခန်းများသို့ ခိုလှုံခဲ့ရသည်။

စစ်ကောင်စီသည် ကရင်နီပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ဖြိုခွင်းရန်အတွက် အရပ်သား ပြည်သူများကို ပစ်မှတ်ထားသည့် အလားတူဗျူဟာကို ထပ်မံအသုံးပြုလျက်ရှိပါသည်။ စစ်ကောင်စီသည် ကျေးရွာများနှင့် မြို့ပေါ်တွင် လက်နက်ကြီးများဖြင့် ဆက်တိုက်ပစ်ခတ်ခြင်း၊ ဘုရားကျောင်းများ၊ ဘာသာရေးအဆောက်အဦးများနှင့် ကျောင်းများကို ပစ်မှတ်ထားခြင်း အပြင် အရပ်သားများကို ပစ်ခတ်ခြင်းများ ဆက်တိုက်ပြုလုပ်လျက်ရှိသည်။ ထို့ကြောင့် ဒေသခံ ပြည်သူများအားလုံး မိမိတို့၏အိုးအိမ်ပစ္စည်းများကို စွန့်ခွာပြီး ကြောက်လန့်တကြား ထွက်ပြေးရပြီး တောကြို အုံကြားများတွင် သွားရောက် ခိုလှုံနေရသည်။

တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသော လွိုင်ကော်မြို့နယ်၊ ဒီမောဆိုမြို့နယ်နှင့် မိုးဗြဲမြို့နယ်တို့တွင် နေအိမ်စွန့်ခွာသည့် သူများ အများပြားဆုံးဖြစ်သည်။ အခြားမြို့နယ်များနှင့် ကျေးရွာများတွင် တိုက်ခိုက်မှုများ မဖြစ်ပွားသေးသော်လည်း ပြည်သူများသည် စစ်တပ်၏စခန်းများမှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုများကို စိုးရိမ်ပူပန်နေရသောကြောင့် ပစ်ခတ်မှုများကိုရှောင်ရှားရန် တောကြိုအုံကြားများတွင် ထွက်ပြေးလျက်ရှိပါသည်။

ကရင်နီ အရပ်ဘက်အဖွဲ့အစည်းများကွန်ယက်မှ ကောက်ယူထားသော အချက်အလက်များအရ မေလ အလယ်ပိုင်းလောက်မှ စတင်ပြီး ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ်တွင် နေရပ်စွန့်ခွာရသည့် လူဦးရေ စုစုပေါင်း တစ်သိန်းကျော် ရှိပြီဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် ကရင်နီပြည်နယ်၏ လူဦးရေမှာ သုံးသိန်း[1] ရှိပြီး ဖယ်ခုံမြို့နယ်၏ လူဦးရေမှာ တစ်သိန်း[2]ခန့်ရှိကြောင်း သိရသည်။ ထို့ကြောင့် ကရင်နီလူဦးရေ၏ လေးပုံတစ်ပုံမှာ နေရပ်စွန့်ခွာရသော စစ်ဘေးရှောင်များ ဖြစ်လာခဲ့ရသည်။



ပုံ ၂ -ဒီးမော့ဆိုမြို့နယ်မှ စစ်ဘေးရှောင်များ

---

[1] The 2014 Myanmar Census lists the Kayah State population as 282,968 people

[2] The 2014 Myanmar Census lists the Pekhon township population as 107,141 people

| စစ်ဘေးရှောင်အရေအတွက် (ဇွန်လ ဒုတိယပတ်စာရင်း) | | | | |
|---|---|---|---|---|
| စဉ် | မြို့နယ် | ယာယီစခန်းအရေအတွက် | ခန့်မှန်းလူဦးရေ | မှတ်ချက် |
| ၁။ | လွိုင်ကော်မြို့နယ် | 9 | 13061 | တိုက်ပွဲများကြောင့် ထွက်ပြေး |
| ၂။ | ဒီးမော့ဆိုမြို့နယ် | 91 | 55,265 | တိုက်ပွဲများကြောင့် ထွက်ပြေး |
| ၃။ | ဖရူဆိုမြို့နယ် | 9 | 2,729 | တိုက်ပွဲများကြောင့် ထွက်ပြေး |
| ၄။ | ဖားဆောင်းမြို့နယ် | | 4,000 | တိုက်ပွဲများကြောင့် ထွက်ပြေး |
| ၅။ | ဖယ်ခုံမြို့နယ် | 15 | 30,000 | တိုက်ပွဲများကြောင့် ထွက်ပြေး |
| ၆။ | ရှားတောမြို့နယ် | | 729 | တိုက်ပွဲဖြစ်လာမည် စိုးရိမ်သောကြောင့် ထွက်ပြေး |
| ၇။ | မယ်စဲ့မြို့နယ် | | 1,000 | တိုက်ပွဲဖြစ်လာမည် စိုးရိမ်သောကြောင့် ထွက်ပြေး |
| ၈။ | ဘောလခဲမြို့နယ် | | 300 | တိုက်ပွဲများကြောင့် ထွက်ပြေး |
| | စုစုပေါင်း | | 107,084 | |

မှတ်ချက်။ စစ်ဘေးရှောင်များသည် တောထဲတွင်ယာယီစခန်းများ ပြုလုပ်ပြီး ပုန်းရှောင်လျက် ရှိသည့်အပြင် ဆွေမျိုးများရှိရာ အခြားနေရာများတွင်လည်း သွားရောက်နေထိုက်လျက်ရှိသည်။

၄။ စစ်ဘေးရှောင်များအတွက် ကူညီထောက်ပံ့မှုများကို စစ်ကောင်စီမှ ပိတ်ပင်တားဆီးခြင်း

စစ်ဘေးရှောင်များအတွက် တစ်ဦးချင်းမှဖြစ်စေ၊ လူမှုရေးအသင်းအဖွဲ့များမှဖြစ်စေ၊ ဘာသာရေး အဖွဲ့များမှဖြစ်စေ ကူညီပံ့ပိုးမှုများ ပြုလုပ်လျက်ရှိပါသည်။ လက်ရှိအနေအထားတွင် ကူညီထောက်ပံ့မှုများကို နည်းလမ်းတကျ

ဖြစ်စေရန်အတွက် ကယားလူသားချင်းစာနာမှု တုန့်ပြန်ရေးအဖွဲ့ကို ကရင်နီပြည်တွင်းတွင် ဖွဲ့စည်းထားရှိပြီး နယ်စပ်တွင် အရေးပေါ်ကယ်ဆယ်ရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (CTER) ကို အလှူရှင်များ၏ ပံ့ပိုးမှုများကို ညှိနှိုင်းဆောင်ရွက်ရန် အတွက် ဖွဲ့စည်းထားလျက်ရှိသည်။

စစ်ဘေးရှောင်စခန်းများသို့ သွားရောက်သော အလှူရှင်အဖွဲ့များနှင့် စေတနာ့ဝန်ထမ်းများသည် စစ်ကောင်စီ၏ ဖမ်းဆီးခံရခြင်း၊ ပတ်ခတ်ခံရခြင်းနှင့် အသတ်ခံခဲ့ရသည်။ မေလ ၂၆ ရက်နေ့ ဒီးမော့ဆိုမြို့နယ်တွင် စစ်ဘေးရှောင်များ အတွက် ရိက္ခာကို ကျေးရွာတွင်ပြန်ယူသော လူငယ်နှစ်ဦးမှာ စစ်ကောင်စီ၏ ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကိုယ်စားလှယ်အဖြစ် ၂၀၂၀ ရွေးကောက်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သော စိုင်းလင်းလင်းဦး နှင့် အမျိုးသမီးငယ်နှစ်ဦးသည် မေလ ၂၆ ရက်နေ့တွင် ဒီးမော့ဆိုမြို့နယ်မှ စစ်ဘေးရှောင်များ၏ ရိက္ခာပို့ဆောင်ရေးမှအပြန်တွင် စစ်ကောင်စီ၏ ဖမ်းဆီးနှိပ်စက်ခြင်းကို ခံခဲ့ရသည်။ ယနေ့ထိတိုင် ဖမ်းဆီးသွားသော လူငယ် (၃) ဦး၏ သတင်းအား မကြားသိရပါ။

စစ်ကောင်စီသည် အဓိကလမ်းမကြီးပေါ်တွင် စစ်ဆေးရေးဂိတ်များ ထားရှိပြီး စစ်ဘေးရှောင်များ အတွက် လိုအပ်သော စားနပ်ရိက္ခာနှင့် အခြားပစ္စည်းများပို့ဆောင်မှုကို ပိတ်ဆို့လျက်ရှိသည်။ အခြားဒေသများမှ စစ်ဘေးရှောင်များအတွက် ပို့ဆောင်သော ပစ္စည်းများကိုလည်း ပိတ်ပင်တားဆီး လျက်ရှိသည်။

အခြေခံစားသောက်ကုန်များနှင့် အဓိကစားသုံးရန် ဆန်၊ဆီ၊ဆားစသည့် စားနပ်ရိက္ခာများ၏ ဈေးနှုန်း များသည်လည်း တဟုန်ထိုး မြင့်တက်လျက်ရှိသည်။ အချို့သော ပစ္စည်းများမှာ ကရင်နီပြည်နယ်အတွင်းပင် မြို့နယ်တစ်မြို့နယ်ကြား သယ်ယူပို့ဆောင်ရေး ခက်ခဲသည့်အတွက် ရှာဖွေရန် မလွယ်ကူတော့ပါ။

ဖားဆောင်းမြို့နယ်၊ ဘောလခဲမြို့နယ်နှင့် မယ်စဲ့မြို့နယ်အတွင်းတွင် ဒေသခံများ၏ သတင်းများအရ ဆန်တစ်အိတ် (၄၅ ကီလိုဂရန်) လျှင် ငွေကျပ် သုံးသောင်းမှ ကိုးသောင်း၊ တစ်ခါတစ်ရံ တစ်သိန်းခွဲ အထိပင် မြင့်တက်လျက်ရှိကြောင်း သိရသည်။ ကြက်ဥတစ်လုံး၏ ဈေးနှုန်းမှာ ပုံမှန် ၅၀ ကျပ်မှ ၅၀၀ ကျပ်ထိ ဆယ်ဆခန့် ခုန်တက်သွားသည်။ အချို့နေရာများတွင် ငွေကြေးရှိစေကာမူ ဝယ်ယူစရာ ကုန်ပစ္စည်းများမရှိပေ။

လျှပ်စစ်မီးများနှင့် အင်တာနက်များ ဖြတ်တောက်မှုကြောင့် ကရင်နီပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်များသည် အခက်အခဲများစွာကို ရင်ဆိုင်လျက်ရှိသည်။ ကရင်နီလူမျိုးအများစုသည် ယာယီတဲများနှင့် အခြားဆွေမျိုးများရှိရာ ကျေးရွာများသို့ လုံခြုံရေးအတွက် သွားရောက်ခိုလှုံရသည်။ တောထဲတွင်ခိုလှုံသော စစ်ဘေးရှောင်များအတွက် သောက်ရေ၊ သုံးရေ ရှားပါးခြင်းများအပြင် မိုးတွင်းဖြစ်သည့်အတွက်ရေအရင်းအမြစ်များ မသန့်ရှင်းမှုများလည်း ကြုံတွေ့နေရသည်။ လက်ရှိတွင် သန့်ရှင်းမှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ လုံးဝမရှိသည့်အတွက် ဝမ်းပျက်ဝမ်းလျှော ရောဂါများလည်း ဖြစ်ပွားလျက်ရှိသည်။

စစ်ကောင်စီနှင့် ကရင်နီပြည်သူ့ကာကွယ်ရေးတပ် စတင်တိုက်ပွဲဖြစ်ပွားပြီးကတည်းက ၆ ရက်သားအရွယ် မွေးကင်းစ ကလေးအပါအဝင် ကလေး ၂ ဦး သေဆုံးမှုများ ရှိခဲ့ပါသည်။

၂၀၂၁ ခုနှစ် ဇွန်လ (၄) ရက်နေ့တွင် ကယားပြည်နယ်စစ်ကောင်စီဥက္ကဌ (လေတပ်အရာရှိဟောင်းနှင့် စစ်တပ်ကျောထောက်နောက်ခံပြုထားသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ၏ ကိုယ်စားလှယ်လောင်းအပြင် သိန်းစိန်အစိုးရလက်ထက် ကယားပြည်နယ်၏ ဝန်ကြီးချုပ်ဟောင်း) ဦးခင်မောင်ဦး၏ အမည်ဖြင့် ကျေးရွာနှင့် ဒေသအသီးသီးရှိ ခေါင်းဆောင်များထံသို့ စာတစ်စောင် ထုတ်ပြန်ခဲ့သည်။

ထိုစာတွင် ကရင်နီပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အား တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ထံမှ သင်တန်းများ လက်ခံခြင်းကြောင့်လည်းကောင်း၊ စစ်သားများကို သတ်ဖြတ်ခြင်းကြောင့် လည်းကောင်း၊ လူထုလမ်းများကို ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူလူထုများ၏ လုံခြုံရေးကို ခြိမ်းခြောက်ပြီး နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖျက်ဆီးကြောင်း စွပ်စွဲပြစ်တင်

ထားပြီး ပြည်သူများ၏ လုံခြုံရေးအတွက် ဟု အကြောင်းပြကာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အား ချေမှုန်းမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

အမှန်တကယ်မှာ စစ်ကောင်စီသည် လမ်းတံတားများကို ဖျက်ဆီးခြင်း၊ ဒေသခံများကို လူသားဒိုင်းအဖြစ်အသုံးပြုခြင်း နှင့် ပြည်သူပိုင်အဆောက်အဦးများ ဖျက်ဆီးခြင်းတို့ကို ဆက်တိုက် လုပ်ဆောင်လျက်ရှိသည်။ လက်ရှိတွင် ကျေးရွာများကို လုံခြုံရေးယူပေးနေသောသူများမှာ KPDF ပင်ဖြစ်သည်။ စစ်ကောင်စီသည် ပြည်သူလူထုများကို လုံခြုံရာနေရာတွင် ခိုလှုံရန် သတိပေးထားသော်လည်း ပဋိပက္ခများဖြစ်ပွားနေသည့်အတွက် ခိုလှုံရန်လုံခြုံသည့် နေရာ မရှိပါ။ ဘုရားကျောင်း များ၊ ဘိုးဘွားရိပ်သာများတွင် သွားရောက် ခိုလှုံသည့်အခါတွင်လည်း စစ်ကောင်စီ၏ လိုက်လံ ဖမ်းဆီးခြင်း၊ ပစ်ခတ်ခြင်းများကို ခံရသည်။ ကရင်နီပြည်နယ်တွင် လုံခြုံသည့်နေရာ တစ်နေရာမှ မရှိပါ။



ပုံ ၃ – ဒီးမော့ဆိုမြို့နယ်တွင် စစ်ကောင်စီမှ လက်နက်ကြီးဖြင့် ပစ်ခတ်ပြီး ပြည်သူများ၏ အိုးအိမ်များကိုမီးရှို့ပုံ

**အနှစ်ချုပ်**

ဗမာစစ်တပ်သည် ကရင်နီပြည်သူလူထုများကို ဖိနှိပ်ပြီး လူမျိုးကြီးစစ်ဝါဒဖြင့် အုပ်ချုပ်ရန် ကြိုးစားလာခဲ့သည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ကရင်နီ ပြည်သူများသည် လက်နက်ကိုင်စွဲပြီး ခုခံ တော်လှန်ခဲ့ကြသည်။ စစ်ကောင်စီသည် နိုင်ငံခြား တိုင်းပြည်များမှ အဆင့်မြင့်စစ်လက်နက်များကို ဝယ်ယူပြီး ခုခံ တော်လှန်နေကြသော ပြည်သူများကို သူပုန်၊ သောင်းကျန်းသူများ၊ အကြမ်းဖက်သမားများအဖြစ် ပုံဖော်ပြီး တိုက်ခိုက် ခဲ့သည်။

ဗမာပြည်အလယ်ပိုင်းတွင် ၁၉၈၈ အရေးအခင်း၊ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးစသည့် ပြည်သူ့အုံကြွမှုများတွင် စစ်အစိုးရသည် ငြိမ်းချမ်းစွာ ဆန္ဒပြသော လူထုများ၊ လူငယ်များ နှင့် ဘုန်းကြီးများကို ရက်ရက်စက်စက် သတ်ဖြတ် နှိမ်နင်းမှုများလည်း ဖြစ်ပွားခဲ့ပါသည်။

ထို့ပြင် ၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက် အာဏာသိမ်းမှုဖြစ်ပွားပြီး အလားတူအကြမ်းဖက်မှုများကို ဆက်တိုက် ကျူးလွန်ခဲ့သည်။ အရပ်သားပြည်သူများနှင့် လူငယ်များကို ရက်ရက်စက်စက် သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်း နှင့်

နှိပ်စက်ခြင်းများကြောင့် လူငယ်အများစုသည် ရရာလက်နက်များကို ကိုင်စွဲကာ စစ်ကောင်စီအား ခုခံတော်လှန်ပြီး အရပ်သားပြည်သူများ၏ လုံခြုံရေးကို ကာကွယ်ခဲ့သည်။
“ကြွက်မနိုင် ကျီမီးရှို့” ဟူသော စကားပုံအတိုင်း စစ်ကောင်စီသည် KNDF ကို မနှိမ်နင်း နိုင်သောကြောင့် အရပ်သားများကို ဆက်တိုက် ပစ်မှတ်ထားလာခဲ့ကာ ကရင်နီပြည်နယ်ရှိ သိန်းနှင့်ချီသော စစ်ဘေးရှောင် ပြည်သူများသည် ကြမ်းတမ်းခက်ခဲသောဘဝများကို ခံစားနေရသည်။

ကရင်နီအရပ်ဘက်အဖွဲ့အစည်းများကွန်ယက်သည် လက်ရှိအခြေအနေအပေါ် အလွန်အမင်း စိုးရိမ်မိပြီး အောက်ပါ တောင်းဆိုအကြံပြုချက်များကို ထုတ်ပြန်လိုက်ပါသည်။

**အကြံပြုချက်များ**

**စစ်ကောင်စီသို့**

၁။ ကရင်နီပြည်သူများနှင့် ဗမာတစ်နိုင်ငံလုံးရှိ ပြည်သူများအား စစ်ဆင်ခြင်းနှင့် ရက်စက် ကြမ်းကြုတ်မှုများ ရပ်တန့်ရန်နှင့် စစ်တန်းလျားသို့ ပြန်သွားရန်
၂။ လူသားချင်းစာနာထောက်ထားသည့် အကူအညီများကို ပိတ်ဆို့ခြင်းမှ ရပ်တန့်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ စစ်ဘေးရှောင်များအတွက် လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးခြင်းကို ခွင့်ပြုရန်။
၃။ အာဏာကို စွန့်လွှတ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်အောက်တွင် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို တည်ထောင်ရန်။

**နိုင်ငံတကာ လူသားချင်းစာနာထောက်ထားသော အဖွဲ့အစည်းများသို့**

၁။ စစ်ဘေးရှောင်များအတွက် လိုအပ်သော လူသားချင်းစာနာထောက်ထားသည့် အကူအညီများအား တိုင်းရင်းသားခေါင်းဆောင်များနှင့် ပူးပေါင်းညှိနှိုင်းပြီး နယ်စပ်ဖြတ်ကျော် အကူအညီများမှတဆင့် ပံ့ပိုးရန်။
၂။ လူသားချင်းစာနာထောက်ထားသည့် အကူအညီများ လွတ်လွတ်လပ်လပ်ပံ့ပိုးနိုင်ရန်အတွက် စစ်ကောင်စီအား ဖိအားပေးရန်။
၃။ စစ်ကောင်စီအား အကျိုးတစ်စုံတစ်ရာ ဖြစ်ထွန်းစေမည့် မည်သည့်အကူအညီမျိုးမဆို ရပ်တန့်ရန်။
၄။ အသုံးမဝင်တော့သည့် တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အခြေခံသော ငြိမ်းချမ်းရေးဖြစ်စဉ် ပံ့ပိုးမှုအားလုံးအား ရပ်တန့်ရန်။

**နိုင်ငံတကာအစိုးရများသို့**

အရပ်သားပြည်သူများကို ပစ်မှတ်ထားပြီး သတ်ဖြတ်နေသော စစ်ကောင်စီအစိုးရအား ဖိအားပေးမှုများ ပိုမိုမြှင့်တက် စေရန်နှင့် စစ်မှန်သော ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ပေါက်စေရန်အတွက်
၁။ စစ်ကောင်စီအား တစ်ကမ္ဘာလုံးမှ လက်နက်ရောင်းဝယ်ဖောက်ကားမှုများ မပြုလုပ်ရန်။
၂။ စစ်ကောင်စီအား နိုင်ငံရေးနှင့် စီးပွားရေး ပိတ်ဆို့မှုများ ပြစ်ဒဏ်ချမှတ် လုပ်ဆောင်ရန်။
၃။ စစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော ကရင်နီပြည်နယ်နှင့် တစ်နိုင်ငံလုံးရှိ အကြပ်အတည်းကို ဖြေရှင်းရန် အတွက် ကုလသမဂ္ဂ၏ ကြားဝင်ဖြေရှင်းမှုကို ချက်ချင်း အကောင်အထည်ဖော်ရန်။

ဆက်သွယ်ရန်
ခူးကိုရယ် Tel: +668 2196 2258
ရူဘီ Tel: +666 3184 2980
Email: kcsn2010@gmail.com